စိတ်ကူးချိုချိုအနုပညာ



# ငှက်ညိုကလေး၏ နားသိုရာနှင့် အခြားပုံပြင်များ

မောင်ခေတ်ထွန်း



mgyoe.com



# ငှက်ညိုကလေး၏

## နားဆိုရာနှင့်

### အခြားပုံပြင်များ

မောင်ခေတ်ထွန်း

ကလေးများအတွက် ပုံပြင် ၁၉ ပုဒ် ပါဝင်သည်။

KHIT0017
1,500.00 KS

mgyoe.com

ငှက်ညိုကလေး၏နားဒိုရာနှင့်အခြားပုံပြင်များ။ မောင်ခေတ်ထွန်း
စာမျက်နှာ ၁၆၄ မျက်နှာ၊ ၁၂ ·၈စင်တီ x ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ငှက်ညိုကလေး၏ နှာခေါင်းရာနှင့် အခြားပုံပြင်များ

မောင်ခေတ်ထွန်း

ရတနာပန်းခင်းရုပ်စုံမဂ္ဂဇင်းတွင် ဖော်ပြခဲ့သောပုံပြင်များ

ပထမအကြိမ်၊ ၂၀၁၇။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

| | | |
|---|---|---|
| ၁။ | ကံကောင်းသောသိုးထိန်းသမားလေး | ၁ |
| ၂။ | မင်းသားကလေးနှင့် သူ့အမှုတော်ထမ်း | ၉ |
| ၃။ | ကျူရှိုးအင်္ကျီ ဝတ်ဆင်ရသော မင်းသမီးကလေးနှင့် ရွှေဖိနပ်ကလေး | ၁၅ |
| ၄။ | မိန်းမပျိုကလေး ရိုဒိုပစ်နှင့် ရွှေရောင်ဖိနပ်ကလေး | ၃၄ |
| ၅။ | လရောင်မင်းသမီးကလေး | ၄၁ |
| ၆။ | တာရိုနှင့် သူ့ဘွားဘွားညဏ်ကြီးရှင် | ၅၀ |
| ၇။ | ရေသူမလေး | ၅၈ |
| ၈။ | ထူးဆန်းသောမြေအိုးနှင့် ကျောက်မျက်နှစ်လုံး | ၈၄ |
| ၉။ | မုန့်ဖုတ်သမား၏ ထူးဆန်းသည့်ပေါင်မုန့် | ၉၁ |
| ၁၀။ | အီရင်သူရဲကောင်းနှင့် မင်းသမီးကလေးဖင်နိုလာ | ၉၈ |
| ၁၁။ | ငှက်ညိုကလေး၏ နားခိုရာ | ၁၀၇ |
| ၁၂။ | အသက်ဝင်လာတဲ့ အရုပ်ကလေးတစ်ရုပ်နှင့် လူလေးယောက် | ၁၁၁ |
| ၁၃။ | ဂနိုင်မီးလျှံပင် | ၁၁၆ |

mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၄။ | ဖယောင်းတိုင်တစ်ရာ ထွန်းလင်းနေသည့်အခန်းနှင့် ညီအစ်မသုံးဖော် | ၁၂၃ |
| ၁၅။ | ရိုးသားမှု၏ ဆုလာဘ် | ၁၃၂ |
| ၁၆။ | ဆီးဂ်ဖရစ်ဒ်နှင့် ဟာန်ဒါ | ၁၃၆ |
| ၁၇။ | မင်းသမီးကလေး၏ ထူးဆန်းသော ကြင်ရာလောင်းရွေးပွဲ | ၁၄၆ |
| ၁၈။ | ကြက်တူရွေးကလေး၏ ကျေးဇူးတရား | ၁၅၂ |
| ၁၉။ | အဘွားအိုနှင့် ကျားဆိုးကြီး | ၁၅၈ |


၀

mgyoe.com

mgyoe.com



## ကံကောင်းသော သိုးထိန်းသမားလေး

တစ်ခါက တောင်ကုန်းဂူတွေထဲမှာ မှော်အစွမ်းရှိတဲ့ လူပုကလေးတွေ မြောက်မြားစွာ နေထိုင်ကြသတဲ့။ သူတို့တစ်တွေအားလုံးဟာ အစိမ်းရောင်အင်္ကျီနဲ့ ဖန်ဖိနပ်တွေကို စီးကြပြီး သူတို့တစ်ဦးချင်းစီဟာ ခေါင်းလောင်းတစ်လုံးစီဆွဲထားတဲ့ ကတ်ဦးထုပ်တစ်လုံးစီ ဆောင်းထားကြသတဲ့။ သူတို့ဟာ အဲဒီကတ်ဦးထုပ်နဲ့ ဖိနပ်တွေကို သေသေချာချာဂရုစိုက် ထိန်းသိမ်းလေ့ရှိတယ်။ တကယ်လို့ လူပုလေးတစ်ယောက်ဟာ သူ့ဦးထုပ်ပျောက်ပြီဆိုရင် အရှက်ကွဲကာ ဂုဏ်ပျက်တာ ခံရတယ်တဲ့။ ဦးထုပ်မှာ ဆွဲထားတဲ့ခေါင်းလောင်း ပျောက်ဆုံးသွားပြီဆိုရင်တောင် ခေါင်းလောင်းကို ရှာမတွေ့မချင်း နေ့နေ့ညည အိပ်လို့မရနိုင်ဘူးတဲ့။

တစ်ညမှာ လူပုကလေးတွေဟာ သစ်ပင်တွေအောက်မှာ အတူတကွ ကခုန်နေကြသတဲ့။ အဲဒီလို ကခုန်နေတုန်းအချိန်မှာ လူပုကလေးတစ်ယောက်ရဲ့ ဦးထုပ်မှာဆွဲထားတဲ့ခေါင်းလောင်းဟာ ပျောက်ဆုံးသွား

mgyoe.com

mgyoe.com


လေတယ်။ ခေါင်းလောင်းကလေးဟာ မြက်ခင်းတွေကြား ကျရောက်သွားတာဖြစ်တယ်။ တခြားခေါင်းလောင်းတွေ သိပ်ဆူညံနေလေတော့ သူ့ခေါင်းလောင်း ပြုတ်ကျသွားသံကို မကြားရလို့ သူဦးထုပ်က ခေါင်းလောင်းကလေး ကျပျောက်သွားတာကို မသိသေးဘူးပေါ့။ ဒါနဲ့သူဟာ အိမ်ကို ပျော်ရွှင်စွာနဲ့ ပြန်လာခဲ့တယ်။ အိမ်ရောက်မှ သူ့ဦးထုပ်ကိုကြည့်လိုက်တဲ့အခါမှာတော့ ဦးထုပ်မှာဆွဲထားတဲ့ ခေါင်းလောင်းကလေးမရှိမှန်း သိသွားတော့တယ်။

အဲဒီအခါ တခြားလူပုကလေးတွေက သူ့ကိုသွားပြီးခေါင်းလောင်းရှာဖို့ ပြောဆိုကြတယ်။ ဒါနဲ့ လူပုကလေးလည်း သူ့ဦးထုပ်ကို ပြန်စွပ်ကာ ခေါင်းလောင်းရှာဖို့ ထွက်ခွာလာခဲ့တယ်။

သူတို့ကခုန်နေတဲ့နေရာရောက်တော့ နေထွက်နေလို့ မြက်ခင်းပေါ်မှာ အလင်းရောင်တွေ ဖြာကျနေတယ်။ မြက်ခင်းပေါ်က နှင်းသီးကလေးတွေဟာ နေရောင်ကြောင့် တလဲ့လဲ့နဲ့ တောက်ပနေကြတယ်။ သူဟာ သူ့ခေါင်းလောင်းကလေးကို မြက်ခင်းအနှံ့ လှည့်လည်ရှာဖွေပေမယ့် ခေါင်းလောင်းကလေးတော့ ရှာလို့မတွေ့ဘူးတဲ့။

သူက "ငါ့ခေါင်းလောင်းကလေးကို ငှက်တွေ ချီယူသွားတာဖြစ်ရမယ်။ သပိတ်လွယ်ငှက်ဟာ အရောင်တောက်တောက်ပစ္စည်းဆိုရင်ကြိုက်တယ်" လို့ဆိုကာ မှော်လူပုကလေးဟာ သူ့ကိုယ်မှာ အတောင်ပံတွေဖန်ဆင်းလိုက်ပြီး သစ်ပင်တွေဆီ ပျံတက်သွားကာ သစ်ပင်ပေါ်က အသိုက်တွေထဲမှာ သူ့ခေါင်းလောင်းကို ရှာဖွေလေတော့တယ်။ အသိုက်တွေထဲမှာငှက်ဥကလွဲလို့ ဘာမျှမရှိတာ တွေ့ရတယ်။ မှော်လူပုကလေးဟာ သူ့ခေါင်းလောင်းကိုရှာလို့မရတာနဲ့ အတော်စိတ်ပျက်သွားတယ်။ ဒါနဲ့သူဟာ တောင်ပံခတ်ပြီး မြေပြန့်လွင်ပြင်တွေဆီ ပျံသန်းသွားပြီး "ဘယ်သူများ ကျွန်ုပ်ခေါင်းလောင်းကလေးကို တွေ့မိပါသလဲ" လို့

mgyoe.com

mgyoe.com



ဆိုညည်းလေတယ်။ ဒါပေမဲ့ ဘယ်သူကမျှ သူ့စကားကို ပြန်လည်တုံ့ပြန်တာ မတွေ့ရဘူးတဲ့။

နောက်ဆုံးမှာ သူဟာ သိုးတစ်အုပ်ကို တွေ့လိုက်ရတယ်။ သိုးတွေရဲ့ လည်ပင်းမှာ ခေါင်းလောင်းတစ်ခုစီ ချိတ်ဆွဲထားတာ တွေ့ရတယ်။ သိုးတွေလှုပ်ရှားလိုက်တာနဲ့ သာယာတဲ့ခေါင်းလောင်းမြည်သံကို ကြားရတယ်။

မှော်လူပုကလေးက "သိုးတွေထဲမှာ ငါ့ခေါင်းလောင်းကို ရှာရမယ်" လို့ဆိုကာ သိုးတွေရဲ့ခေါင်းပေါ်မှာ ပျံဝဲကာ



mgyoe.com

mgyoe.com




"သိုးကလေး၊ သိုးကလေး
ခေါင်းလောင်းသိမ်းထားလျှင် ပြောပါမနေး၊
သင့်မှာ ခေါင်းလောင်းကလေးရှိလျှင်
ပြန်ပေးစေချင် အမြန်ပင်။"

အဲဒီအချိန်မှာ သိုးထိန်းကလေးဟာ သူ့သိုးတွေကို ထိန်းကျောင်းနေတာမို့ မှော်လူပုကလေးရဲ့ တေးသီချင်းသံကို ကြားရလို့မော့ကြည့်လိုက်တဲ့အခါ အတောင်နှစ်ဖက်နဲ့ မှော်လူပုကလေးကို တွေ့လိုက်ရတယ်။

"တော်တော်ထူးဆန်းတဲ့ ငှက်ပဲ။ သီကျူးတဲ့ တေးသီသံကလည်း အံ့သြစရာကောင်းတယ်။ သိုးတွေရဲ့လည်ပင်းမှာ ချိတ်ဆွဲထားတဲ့ ခေါင်းလောင်းတွေအကြောင်း တေးသီဖွဲ့ထားတာပဲ။ ငါ့မှာရှိတဲ့ ငွေခေါင်းလောင်းအကြောင်းတော့မဟုတ်ဘူး" လို့ သိုးထိန်းသမားလူငယ်က ဆိုနေတယ်။

အဲဒီနောက် သိုးထိန်းသမားလေးဟာ သူ့အိတ်ထဲကငွေခေါင်း

mgyoe.com

mgyoe.com


လောင်းကလေးကို ထုတ်ယူလိုက်ပြီး လှုပ်လိုက်တဲ့အခါ ငွေခေါင်းလောင်းကလေးက သာယာတဲ့အသံထွက်ပေါ်လာတယ်။ အမှန်တော့ အဲဒီခေါင်းလောင်းလေးဟာ မှော်လူပုကလေးပိုင်ဆိုင်ပြီး ပျောက်ဆုံးသွားတဲ့ ခေါင်းလောင်းကလေးပါပဲ။

မှော်လူပုကလေးဟာ သူ့ခေါင်းလောင်းကလေးကို ပြန်တွေ့တော့ အတော်ပဲ ဝမ်းသာသွားတယ်။ သူဟာ သူ့ခေါင်းလောင်းကလေးကို ပြန်ရဖို့ ဘယ်လိုနည်းသုံးရမယ်ဆိုတာ စဉ်းစားတယ်။ နောက်ဆုံးမှာ သူဟာ အကြံတစ်ခု ရသွားတယ်။

မှော်လူပုကလေးဟာ အဝေးသို့ပျံထွက်သွားပြီး သူ့ကိုယ်သူ အဘွားအိုအသွင် ဖန်ဆင်းလိုက်ပြန်တယ်။ အဲဒီနောက်သူဟာ တုတ်ကောက်ကလေးကိုကောက်ကာ ထော့နင်းထော့နင်းနဲ့ သိုးထိန်းသမားကလေးဆီ လာခဲ့တယ်။

အဘွားအိုက သိုးထိန်းသမားကလေးအား...

"မင်္ဂလာပါ လူကလေး၊ အဘွား မင်းမှာရှိတဲ့ ခေါင်းလောင်းကလေးကို ဝယ်ချင်လို့ပါ။ အဘွားကိုရောင်းပါလား" လို့ ပြောဆိုလေတယ်။

သိုးထိန်းသမား လူငယ်ကလေးက...

"ကျွန်တော့်ခေါင်းလောင်းက ရောင်းဖို့မဟုတ်ပါဘူးအဘွား။ ကျွန်တော့်ခေါင်းလောင်းက ကမ္ဘာပေါ်မှာရှိတဲ့ ခေါင်းလောင်းတွေထဲမှာ တစ်မူထူးခြားတဲ့ ခေါင်းလောင်းကလေး ဖြစ်ပါတယ်။ ခေါင်းလောင်းကလေး တစ်ချက်လှုပ်ခါလိုက်တာနဲ့ ခေါင်းလောင်းသံကြောင့် ကျွန်တော့်ဆီ သိုးတွေပြေးလာကြပါတယ်။ ဘယ်လောက်ချိုသာတဲ့ခေါင်းလောင်းကလေးလဲ။ အဘွား နားထောင်ကြည့်ပါ"လို့ဆိုကာ ခေါင်းလောင်းကလေးကို အဘွားနားကပ်ကာ လှုပ်ခါလိုက်လေတယ်။

mgyoe.com

mgyoe.com


"ခေါင်းလောင်းသံလေးက အတော်သာယာတာပဲ။ လူကလေးကို ငွေဒင်္ဂါးသုံးပြား ပေးမယ်လေ။ ရောင်းပါလား" လို့ အဘွားအိုက စကားဆိုသည်။

သိုးထိန်းသမားလေးက...

"ကျွန်တော်ငွေမလိုချင်ပါဘူး၊ ဒီခေါင်းလောင်းလေးမျိုးအတွက်တော့ ငွေဟာအလကားပဲ" လို့ ပြန်ပြောလေတယ်။

အဘွားအိုယောင်ဆောင်ထားတဲ့ မှော်လူပုကလေးက တစ်ဖန် "ကဲ၊ ငွေဒင်္ဂါး ငါးပြားအထိပေးမယ်လေ။ ရောင်းပါလား" လို့ စကားဆိုပြန်တယ်။ သိုးထိန်းသမားကလေးက ခေါင်းခါပြန်တယ်။

"ဒါဖြင့် ဟောဒီငွေဒင်္ဂါး လက်တစ်ဆုပ်စာလောက်ဆိုရင်ကော" လို့ အဘွားအိုကပြောကာ လက်တစ်ဆုပ်စာရှိ ငွေဒင်္ဂါးများကို ပြတယ်။

အဲဒီအခါမှာလည်း သိုးထိန်းသမားလေးက...

"အဘွားအိုရဲ့ ငွေဒင်္ဂါးပြားတွေက သိပ်လေးပေမယ့် တီးခတ်လို့ မရပါဘူး။ ကျွန်တော် ခေါင်းလောင်းကိုသာ အကြိုက်နှစ်သက်ဆုံး ဖြစ်ပါတယ်" လို့ ပြန်လည်ပြောဆိုလေတယ်။

သိုးထိန်းသမားလေးက သူ့မှာရှိတဲ့ငွေခေါင်းလောင်းကလေးကို ဘယ်လိုမျှမရောင်းမှန်း သိသွားတဲ့အခါ အဘွားအိုလည်း ခေါင်းလောင်းကလေးကို ပြန်ရနိုင်တဲ့ နောက်တစ်နည်းကို စဉ်းစားပြန်ပတယ်။

"ကဲ၊ လူကလေး ဒီတုတ်ဖြူဖြူကလေးကို ကြည့်စမ်း။ ဒီတုတ်ချောင်းလေးက ထူးဆန်းတဲ့ပစ္စည်းပါ။ လူကလေးမှာ ဒီတုတ်ချောင်းလေးသာ ရှိနေမယ်ဆိုရင် လူကလေးရဲ့သိုးတွေကို ကောင်းကောင်းထိန်းကျောင်းလို့ ရပြီ။ ဒီတုတ်ချောင်းကလေး လက်ထဲမှာရှိနေရင် လူကလေးရဲ့သိုးတွေ ခပ်ဝေးဝေးကို သွားကြမှာ မဟုတ်ဘူး။ သိုးတွေလည်း မပျောက်တော့ပါဘူး။ နှစ်စဉ် နှစ်တိုင်း တခြားသိုးထိန်းရဲ့ သိုးတွေထက်

mgyoe.com

mgyoe.com


သိုးမွေးတွေပိုမို ရရှိပါလိမ့်မယ်" လို့ ပြောဆိုဆွယ်ပြန် လေတယ်။

ဒီတစ်ကြိမ်မှာတော့ သိုးထိန်းသမားလေးဟာ အဘွားအိုပြော စကားကို စိတ်ဝင်စားသွားတယ်။ သိုးထိန်းသမားလေးဟာ အဖြူရောင် တုတ်ကလေးကိုတွေ့ရတယ်။ အဖြူရောင်တုတ်ချောင်းပေါ်မှာ သိုးရုပ် တွေကို ရုပ်လုံးပေါ်ထုထွင်းတာကို တွေ့ရတယ်။

အဘွားအိုက ...

"ကဲ လူကလေး၊ ခေါင်းလောင်းကလေးကို ပေးမယ်ဆိုရင် ဟော ဒီထူးဆန်းတဲ့ တုတ်ကလေးကိုပေးမယ်။ ဟုတ်ပြီလား" လို့ဆိုကာ တုတ် ချောင်းကို ကမ်းပေးလိုက်လေတယ်။

သိုးထိန်းသမားလေးက တုတ်ချောင်းကိုယူလိုက်ကာ "ခေါင်း လောင်းအတွက် တုတ်ချောင်းတဲ့ဟေ့" လို့ ဟစ်အော်လိုက်ပြီး ငွေခေါင်း လောင်းကလေးကို အဘွားအိုအား ပေးလိုက်လေတယ်။

အဘွားအိုယောင်ဆောင်ထားတဲ့ မှော်လူပုကလေးလည်း ငွေ ခေါင်းလောင်းကို ရတယ်ဆိုရင်ပဲ လေနဲ့အတူ တစ်ဟုန်ထိုး ပျံသန်း



mgyoe.com




ထွက်ခွာလာခဲ့တယ်။ သူဟာ မှော်လူပုကလေးတွေရှိတဲ့ တောင်ကုန်း ဆီသို့ အရောက်လာခဲ့တယ်။ သူဟာ တောင်ကုန်းဆီရောက်ဝတဲ့အခါ သူ့ကိုယ်သူ လူပုကလေးဘဝ ပြန်ရောက်စေပြီး လူပုကလေးတွေကို...

"ဟာ၊ ဟာ့ ငါ့ခေါင်းလောင်း ပြန်တွေ့ပြီဟေ့" လို့ဆိုကာ လူပုက လေးဟာ ဝိုင်းပတ်ကခုန်နေလေတော့တယ်။

အဲဒီအချိန်မှာ သိုးထိန်းသမားလေးဟာ ထူးဆန်းတဲ့တုတ်ချောင်း ကလေးရလို့ အလွန်ပဲဝမ်းသာနေတယ်။ သူဟာငွေခေါင်းလောင်း ကလေးအတွက် နမြောစိတ်လုံးဝမပေါ်ခဲ့ဘူး။ တုတ်ချောင်းကလေးရတဲ့ နေ့ကစပြီး သူ့သိုးတွေကိုထိန်းကျောင်းရတာ အလွန်ပဲ အဆင်ပြေနေ တာကိုတွေ့ရလို့ သိပ်ပြီးဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်။

မကြာမီမှာ ယာသမားအားလုံးက သူတို့သိုးတွေကိုထိန်းကျောင်း ဖို့ အလုပ်အပ်နှံကြတယ်။

နောက်ဆုံးမှာ သိုးထိန်းသမားကလေးဟာ သိုးထိန်းဘဝမှ ယာ ပိုင်ရှင်တစ်ဦးဖြစ်လာကာ မကြာမီ သူ့ရွာမှာ အချမ်းသာဆုံးသူဌေးကြီး ဖြစ်လာခဲ့လေတယ်။ ။

[A Wreath of Golden Blossoms စာအုပ်မှ The Lucky Sephered Boy.]

mgyoe.com

mgyoe.com

## မင်းသားကလေးနှင့် သူ့အမှုတော်ထမ်း

တစ်ခါတုန်းက တိုင်းပြည်ငယ်ကလေးတစ်ခုမှာ ပညာဉာဏ် အမြော်အမြင်ကြီးမားပြီး အလုပ်ကြိုးစားလုပ်ကိုင်သူ တစ်ဦးရှိသတဲ့။ သူ့မှာ အိုးအိမ်၊ ပစ္စည်းဥစ္စာ မရှိစဉ်ကတည်းက သူဟာ မင်းသားလေး တစ်ပါးထံမှာ အမှုတော်ထမ်းရွက်ခဲ့တယ်။ အဲဒီမင်းသားလေးဟာ အင်မတန် ကောက်ကျစ်ယုတ်မာတဲ့သူဖြစ်တယ်။ အဲဒီမင်းသားလေးဟာ အမှုတော်ထမ်းတွေကို ကြာပွတ်နဲ့ရိုက်ပြီး ကြာပွတ်သံကို နားဆင်ကာ အလွန်ဝမ်းသာ ပျော်ရွှင်နေသတဲ့။

တစ်နေ့မှာ မင်းသားလေးဟာ သူ့အမှုတော်ထမ်းတစ်ဦးကို အိမ်နီးချင်း တိုင်းပြည်တစ်ခုခုသို့ ခေါ်ဆောင်သွားတယ်။ မင်းသားလေးက ခွန်အားကြီးမား တောင့်တင်းတဲ့မြင်းကိုစီးပြီး အမှုတော်ထမ်းက အားအင်ချည့်နဲ့ငယ်ရွယ်တဲ့ မြင်းကို စီးပြီးနောက်ကလိုက်ရတယ်။

သူတို့ဟာ ခရီးအတော်နှင်လာပြီးတဲ့နောက်မှာတော့ တစ်နေရာအရောက်မှာ ကောင်းကင်တစ်ခုလုံး တိမ်များဖုံးအုပ်မည်းမှောင်လာကာ သူတို့နောက်က မိုးထစ်ချုန်းသံတွေကြားကြရတယ်။ လျှပ်စီးတွေ ဝင်း

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


ဝင်းလက်လက်နဲ့မိုးထစ်ချုန်းသံတွေ နားကွဲလုမတတ် ကျယ်လောင်ကြောက်မက်ဖွယ် ကောင်းလှတယ်။

မင်းသားလေးဟာ သူရဲဘောကြောင်သူဖြစ်လို့ တဝုန်းဝုန်းနဲ့ မိုးထစ်ချုန်းသံတွေကို ကြားရတော့ အင်မတန်ကြောက်ရွံ့နေသတဲ့။ ဒါကြောင့် မင်းသားလေးဟာ ကြောက်ကြောက်လန့်လန့်နဲ့ ပုန်းခိုဖို့နေရာရှာပေမယ့် ပုန်းခိုဖို့နေရာကို ဘယ်နေရာမှ ရှာမတွေ့ဘူးတဲ့။

မင်းသားလေးဟာ မြင်းဇက်ကြိုးကို လွှတ်လိုက်ကာ သူ့နောက်တော်ပါးကို စောင့်နေပြီး...

"မြန်မြန်လာ။ ဒီလောက်တောင် ဘာလို့နှေးကွေးနေရတာလဲ။ အပျင်းထူတဲ့ကောင်။ ငါ့ကို အမီလိုက်" လို့ အော်ဟစ်ကြိမ်းမောင်းဆူပူသတဲ့။

အဲဒီအခါ အမှုတော်ထမ်းက...

"ကျွန်တော်မျိုး အရှင်မင်းသားကို ဘယ်လိုအမီလိုက်နိုင်ပါ့မလဲ။ ကျွန်တော်မျိုးရဲ့မြင်းဟာ အရှင့်သားမြင်းတော်လို ခွန်အားဗလတောင့်တင်းသန်မာတာမဟုတ်ဘူး။ အတော်ကလေး အားနည်းနေပါတယ်" လို့ ပြန်လည်လျှောက်တင်သတဲ့။

မင်းသားလေးဟာ သူ့အမှုတော်ထမ်းရဲ့ လျှောက်တင်ချက်ကို ကြားတော့...

"ဒါဆိုရင် မင်းဟာ မြင်းကိုအစားအစာတွေ ကောင်းကောင်းမကျွေးလို့ အားနည်းနေတာဖြစ်မယ်။ ဒါဟာ မင်းအမှားပဲ။ အခုဆို ဘယ်လိုလုပ်တော့မလဲ။ အပျင်းထူတဲ့ကောင်" လို့ ပြောပြောဆိုဆို အမှုတော်ထမ်းရဲ့ခေါင်းကို လက်သီးနဲ့အားကုန် ထုချလိုက်လေတယ်။ အမှုတော်ထမ်းဟာ ဒယီးဒယိုင်ဖြစ်သွားလို့ မြင်းပေါ်က ကျမသွားအောင် ကိုယ်ကို ပြန်မတ်အောင် မနည်းကြိုးစားယူလိုက်ရတယ်။

mgyoe.com

mgyoe.com


အဲဒီအချိန်မှာ ကောင်းကင်မှာ ဝင်းခနဲ လျှပ်စီးလက်တာကိုမြင်လိုက်ရတယ်။ မင်းသားလေးဟာ ကြောက်လွန်းလို့ မျက်စိကိုအတင်းစုံမှိတ်ထားလိုက်တာကို သူ့အမှုတော်ထမ်းက မြင်တွေ့သွားပြီး ခေါင်းထဲမှာ ရုတ်ခြည်းအကြံတစ်ခုရသွားပြီး အဲဒီအခွင့်အရေးကို ရယူကာ သူ့မြင်းရိုက်တဲ့ကြာပွတ်ကို တအားလွှဲကာ မင်းသားလေးရဲ့ခေါင်းကို ရိုက်ချလိုက်လေတယ်။

အဲဒီအခါ မင်းသားလေးက သူ့ခေါင်းကို မိုးကြိုးပစ်ပြီလို့ထင်သွားပြီး အလွန်ကြောက်လန့်သွားကာ မြင်းရဲ့လည်ဆံမွေးတွေရဲ့ကြားမှာ သူ့ခေါင်းကို ဝှက်ထားလိုက်တယ်။

အဲဒီလိုနဲ့ကောင်းကင်မှာ လျှပ်စီးလက်လိုက်လို့ မင်းသားလေးဟာ မျက်စိကိုစုံမှိတ်ကာ ခေါင်းကို မြင်းလည်ဆံမွေးကြား ဝှက်ထားလိုက်တိုင်း သူ့အမှုတော်ထမ်းက ကြိမ်လုံးနဲ့သူ့ကိုယ်ကို လှမ်းလှမ်းရိုက်နေလေတယ်။

အဲဒီလို အမှုတော်ထမ်းက မင်းသားလေးကို ကြိမ်လုံးနဲ့ဆယ်ကြိမ်ထက်မနည်း ရိုက်တဲ့အခါ မင်းသားလေးလည်း မြင်းပေါ်ကအောက်သို့ပြုတ်ကျကာ သတိမေ့မြောသွားလေတယ်။

အမှုတော်ထမ်းလည်း သူ့မြင်းပေါ်မှဆင်းကာ မြေပြင်ပေါ်မှာ မေ့မြောနေတဲ့ သူ့သခင်မင်းသားလေးအနီးမှာ ထိုင်လိုက်တယ်။ အမှုတော်ထမ်းဟာ မင်းသားလေး သတိပြန်လည်မလာမီမှာ မင်းသားလေးဘေးမြေပြင်ပေါ်မှာ လဲလျောင်းလိုက်ပြီး မင်းသားလေးနည်းတူ သတိမေ့ချင်ယောင်ဆောင်နေလိုက်လေတယ်။

ဒီလိုနဲ့ မင်းသားလေးဟာ သတိပြန်လည်ရလာလေတယ်။ သူဟာ မျက်လုံးကို ဖွင့်ကြည့်လိုက်တဲ့အခါ လျှပ်စီးလက် မိုးထစ်ချုန်းသံတွေ ရပ်သွားပြီး မိုးလည်းတိတ်သွားတာကို တွေ့ရတယ်။

mgyoe.com

mgyoe.com


မင်းသားလေးဟာ တစ်ကိုယ်လုံးနာကျင်နေတာမို့ မနည်းထယူရတယ်။ ခြေတစ်လှမ်းလှမ်းဖို့တောင် မနည်းကြိုးစားယူရတယ်။ သူဟာ သူ့အမှုတော်ထမ်းဆီ ကိုယ်ကိုဒရွတ်တိုက်သွားကာ အမှုတော်ထမ်းကို လှုပ်နှိုးလိုက်လေတယ်။ အမှုတော်ထမ်းလည်း သူမျက်စိကိုဖြည်းညင်းစွာဖွင့်ကာ...

"ကျွန်တော်မျိုး မိုးကြိုးအပစ်ခံရတယ်။ ဘုရားမလို့မသေတာ" လို့ ပြောတယ်။

သူ့စကားကြားရတဲ့အခါ မင်းသားလေးက ပြုံးပြီးကြွားဝါတဲ့လေသံနဲ့...

"ငါ့ရဲ့ဘဝတာမှာ မင်းလိုသူရဲဘောကြောင်တဲ့ အမှုတော်ထမ်းမျိုးများ မရရှိခဲ့ဖူးဘူး။ ငါ့ကိုကြည့်၊ ငါ့ကို မိုးကြိုးဆယ်ကြိမ်တောင်ပစ်တယ်။ ဒါပေမဲ့ ငါကတော့ မင်းလို ကြောက်ရွံ့ဖို့နေနေသာသာ မျက်တောင်တောင် မခတ်ခဲ့ဘူး။ မင်းကိုယ်မင်း ကြည့်လိုက်စမ်း။ မိုးကြိုးလေး တစ်ချက်ကလေး ပစ်တာနဲ့ပဲ မြေပေါ်ပြုတ်ကျ သတိမေ့သွားတယ်မဟုတ်လား။ ကဲ ကဲ ထ ထ၊ ငါတို့ခရီးဆက်ကြရအောင်" လို့ ပြောဆိုကာ မြင်းပေါ်သို့ တက်လိုက်ပြီး သူတို့နှစ်ဦး ထွက်ခွာလာခဲ့ကြလေတယ်။ သူ့အမှုတော်ထမ်းကတော့ သူ့ကို အပြစ်မရှိ အပြစ်ရှာ အမြဲတမ်းဆူပူကြိမ်းမောင်းခဲ့တဲ့ သူ့သခင်ကို ပြန်လည်တုံ့ပြန်လိုက်ရလို့ ပီတိဖြစ်ကာ သူ့သခင်နောက်က ပြုံးပြုံးကြီး လိုက်ပါလာခဲ့လေတယ်။ ဒါပေမဲ့ အဲဒီတုံ့ပြန်နိုင်တဲ့အခွင့်အရေးဟာ သူ့ရဲ့နောက်ဆုံး အခွင့်အရေးပဲဖြစ်တယ်။ အဲဒီနောက်ပိုင်းမှာ မင်းသားလေးဟာ သူ့ပြုမူချက်တွေ မှားယွင်းမှန်းသိလို့ အမှုတော်ထမ်းတွေအပေါ် ထားခဲ့တဲ့စိတ်ကို ပြုပြင်ခဲ့တယ်။ အမှုတော်ထမ်းတွေအပေါ် ကြင်နာစွာဆက်ဆံပြောဆို ပြုမူလာခဲ့တယ်။ အမှုထမ်းတွေအပေါ် အပြစ်မရှိအပြစ်ရှာ ဆူပူကြိမ်းမောင်းတာကို ဖယ်

mgyoe.com

mgyoe.com


ရှားပစ်ခဲ့တယ်။

နောက်ပိုင်းမှာ မင်းသားလေးရဲ့ ကောင်းသတင်းဟာ ပြည်ရွာအနှံ့ ပျံ့နှံ့သွားလေတဲ့။ ။

[Folk Tales of Mongolia စာအုပ်မှ မွန်ဂိုလီးယားပုံပြင် The Prince and the servant.]

mgyoe.com

mgyoe.com



## ကျူရိုးအကျႌ ဝတ်ဆင်ရသော မင်းသမီးကလေးနှင့် ရွှေဖိနပ်ကလေး

တစ်ခါက တိုင်းပြည်တစ်ပြည်မှာ ဘုရင်ကြီးတစ်ပါးရှိသတဲ့။ သူ့မှာ သူ့မိဖုရားရယ်၊ သမီးတော်ကလေးတစ်ပါးရယ် ရှိသတဲ့။ ဘုရင်ကြီးဟာ မိဖုရား၊ သမီးတော်မင်းသမီးကလေးနဲ့အတူ နန်းတော်ကြီးထဲမှာ နှစ်ပေါင်းများစွာ ပျော်ရွှင်စွာနဲ့စံမြန်းနေလေတယ်။

တစ်နေ့မှာတော့ မိဖုရားကြီးကွယ်လွန်အနိစ္စရောက်သွားလို့ ဘုရင်ကြီးဟာ နောက်မိဖုရားအသစ်တစ်ပါးကို တင်မြှောက်ခဲ့တယ်။

မိထွေးမိဖုရားကြီးဟာ မင်းသမီးကလေးအပေါ် ကြင်နာမှုမရှိဘူးတဲ့။ အင်မတန် ကြမ်းတမ်းခက်ထန်ပြီး တစ်ခါတစ်ရံမင်းသမီးလေးကို မညှာမတာ ရိုက်နှက်လေ့ရှိပြီး "ဒီနန်းတော်ထဲမှာ နင့်အတွက် အခန်းမရှိဘူး။ သိုးတွေသွားကျောင်းစမ်း" လို့ဆိုကာ အခန်းထဲမဝင်နိုင်အောင် သော့ပိတ်ထားလေ့ရှိသတဲ့။

မင်းသမီးကလေးလည်း နန်းတော်မှထွက်ခွာကာ သိုးတွေကျောင်းဖို့ ယာခင်းဆီသို့ ထွက်လာခဲ့တယ်။

mgyoe.com

mgyoe.com

ကောက်ကျစ်ယုတ်မာတဲ့ မိဖုရားဟာ မင်းသမီးလေးယာခင်းထဲမှာ ရာသီဥတုဒဏ်နဲ့ အစာရေစာငတ်မွတ်ပြီး သေသွားအောင် အစားအစာတွေနဲ့ အနွေးထည်အဝတ်အစားတွေကိုမပေးလိုက်ဘူးတဲ့။

ဒါပေမဲ့ မင်းသမီးကလေးကို သိုးအုပ်ထဲက မီးခိုးရောင်သိုးကြီးတစ်ကောင်က စောင့်ရှောက်ထားလို့မိဖုရားကြီးရဲ့ သေကြောင်းကြံစည်မှုဟာ အထမမြောက်ခဲ့ဘူး။ မီးခိုးရောင်သိုးကြီးဟာ မင်းသမီးကလေးစားဖို့ အစားအစာတွေယူလာပေးတယ်။

ဒါပေမဲ့ ဆောင်းရာသီရောက်လာတဲ့အခါ ယာကွင်းထဲမှာရာသီဥတု အင်မတန်အေးတယ်။ မင်းသမီးလေးရဲ့ လက်မောင်းကလေးတွေကို ဆီးနှင်းခဲထိလို့ မခံမရပ်နိုင်လောက်အောင် နာကျင်စွာခံစားရတယ်။ လေအေးတွေတိုက်လို့ မင်းသမီးကလေးဟာ တဆတ်ဆတ်နဲ့ချမ်းတုန်နေတယ်။

တစ်နေ့မှာ မင်းသမီးကလေးဟာ ဝမ်းနည်းလွန်းလို့ ငိုကြွေးနေတဲ့အခါ မီးခိုးရောင်သိုးကြီးဟာ သူ့ဆီကိုချက်ချင်းရောက်လာပြီး...

"ဘာဖြစ်လို့ ငိုကြွေးနေရသလဲ" လို့ မင်းသမီးကလေးကို မေးလေတယ်။

မင်းသမီးလေးက...

"အအေးတွေမိပြီး သေသွားမှာကိုကြောက်လို့ ငိုနေတာပါ" လို့ မင်းသမီးကလေးက ပြန်ဖြေတယ်။

အဲဒီအခါ သိုးကြီးက. . .

"ဘာမှမပူနဲ့။ ကျွန်ုပ်နဲ့လိုက်ခဲ့ပါ။ အသင်မင်းသမီးကို အကောင်းဆုံး အနွေးထည်ကုတ်အင်္ကျီတစ်ထည် ပေးမယ်" လို့ ဆိုကာ မီးခိုးရောင်သိုးကြီးက မင်းသမီးကလေးကို ကျူပင်များ ထူထပ်ပေါက်ရောက်နေတဲ့ မြစ်ကမ်းဆီသို့ ခေါ်ဆောင်လာခဲ့တယ်။ မြစ်ကမ်းဆီသို့ရောက်တဲ့အခါ

mgyoe.com

mgyoe.com


သိုးကြီးက...

"အသင်မင်းသမီး ကျူပင်ကို လက်တစ်ပွေ့စာရအောင် ယူလိုက်ပါ" လို့ ခိုင်းလိုက်လေတယ်။ မင်းသမီးကလေးလည်း သိုးကြီးပြောကြားတဲ့အတိုင်း ကျူပင်တွေကို လက်တစ်ပွေ့စာယူလိုက်လေတယ်။ အဲဒီနောက် သိုးကြီးက မင်းသမီးကလေးကို ကျူပင်တွေနဲ့ အင်္ကျီလုပ်ပုံလုပ်နည်းပြသတယ်။

မကြာမီ မင်းသမီးကလေးလည်း ကျူပင်အင်္ကျီပြုလုပ်ပြီးစီးသွားပြီး သူ့ကိုယ်ပေါ်မှာ ဝတ်ဆင်လိုက်တဲ့အခါ သူ့ကိုယ်ဟာ ချက်ချင်းနွေးထွေးသွားတယ်။ နှင်းခဲတွေထိလို့ နာကျင်တဲ့ဒဏ်မှ ကင်းဝေးသွားတော့တယ်။ မင်းသမီးကလေးက သူ့အင်္ကျီကို "ကျူပင်အင်္ကျီ" လို့ မှည့်ခေါ်လိုက်တယ်။

ယာခင်းထဲမှာ မင်းသမီးကလေးဟာ ကျူပင်အင်္ကျီဝတ်ပြီး ပျော်ရွှင်နေတယ်။

ဒီလိုနဲ့ မင်းသမီးကလေးလည်း တဖြည်းဖြည်းကြီးပြင်းလာကာ



mgyoe.com

mgyoe.com


လူလားမြောက်လာပြီး ချောမောလှပတဲ့မိန်းမပျိုကလေး ဖြစ်လာတယ်။ လူတွေက သူ့ရဲ့အလှကို ချီးမွမ်းပြောဆိုကြတယ်။ မကြာမီ မင်းသမီးက လေးရဲ့အကြောင်းကို ကောက်ကျစ်ယုတ်မာတဲ့ မိဖုရားကြီး ကြားသိ သွားလေတယ်။ မိဖုရားကြီးဟာ အလွန်ပဲ ဒေါသဖြစ်သွားတယ်။

"တစ်စုံတစ်ယောက်က စောင့်ရှောက်လို့သာ သင်းမသေတာဖြစ် ရမယ်။ ဘယ်သူလဲဆိုတာ ဖော်ထုတ်ရမယ်" လို့ ဆိုကာ မင်းသမီးက လေးကိုရှာဖို့ သူလျှို့ယုံတော်အမျိုးသမီးကြီးတစ်ဦးကို စေလွှတ်လိုက် လေ တယ်။ အမျိုးသမီးကြီးဟာ သူ့သခင်မိဖုရားကြီးလိုပဲ စိတ်ထားမကောင်း သူဖြစ်တယ်။ ကောက်ကျစ်စဉ်းလဲသူဖြစ်တယ်။ မကြာမီ အမျိုးသမီး ကြီးဟာ မင်းသမီးကလေးရှိရာ ယာခင်းဆီသို့ ရောက်ရှိလာတယ်။

အမျိုးသမီးကြီးက မင်းသမီးကလေးကို

"မိန်းကလေး အလုပ်တွေနဲ့သိပ်ပင်ပန်းနေပြီ။ ဒီနေ့ အစ်မ မိန်းက လေးနဲ့အတူနေပြီး မိန်းကလေးရဲ့အလုပ်တွေ ဝိုင်းကူလုပ်ပေးမယ်" လို့ ဆိုကာ ယာတောထဲမှာ မင်းသမီးကလေးနဲ့အတူ ယာလုပ်ငန်းတွေကို ဝိုင်းကူလုပ်ပေးလေတယ်။

မီးခိုးရောင်သိုးကြီးက အမျိုးသမီးကြီး ယာခင်းထဲကို ဘာကြောင့် ရောက်ရှိလာတယ်ဆိုတာသိလို့ မင်းသမီးကလေးဆီ ပို့နေကျ အစား အစာတွေကို မပို့တော့ဘူး။

ဒီလိုနဲ့ မင်းသမီးကလေးဟာ အစားအစာ မစားရတာကြောင့် ဆာလောင်မွတ်သိပ်လာတယ်။ ဒါကြောင့် မင်းသမီးကလေးဟာ အမျိုး သမီးကြီးကို အိပ်ပျော်သွားစေဖို့ ကြံစည်လေတယ်။ နောက်ဆုံး အကြံ ရသွားလို့ မင်းသမီးကလေးက အမျိုးသမီးကြီးကို...

"အစ်မရဲ့ခေါင်းကို ကျွန်မရင်ခွင်ထဲမှာထားပြီး အိပ်စက်ပါ။ကျွန်မ သီချင်းဆိုပေးပါ့မယ်" လို့ ပြောကြားလေတယ်။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


အမျိုးသမီးကြီးလည်း သူ့ခေါင်းကို မင်းသမီးကလေးရဲ့ရင်ခွင်ထဲ ဝင်ကာ မှေးစက်လေတယ်။ မင်းသမီးကလေးက သီချင်းဆိုတယ်။ မင်းသမီးကလေးရဲ့ သီချင်းသံဟာ သာယာချိုအေးတဲ့အတွက် မကြာခင်မှာပဲ အမျိုးသမီးကြီးရဲ့မျက်လုံးငိုက်မျဉ်းကာ အိပ်ပျော်သွားလေတယ်။ အဲဒီလို အမျိုးသမီးကြီး အိပ်ပျော်သွားတဲ့အခါ မင်းသမီးကလေးလည်း မီးခိုးရောင်သိုးကြီးကို လှမ်းခေါ်လိုက်လေတယ်။ ဒီအခါကျမှ သိုးကြီးလည်း အစားအစာတွေကို ယူလာပေးကာ မင်းသမီးကလေးကို စားသောက်စေတယ်။

အမျိုးသမီးကြီး မနိုးလာစေဖို့အတွက် မင်းသမီးကလေးဟာ အစားအစာ စားသောက်နေစဉ်မှာ အသံမပြည်အောင် ဂရုစိုက်ပြီးစားသောက်တယ်။

အမှန်တော့ အမျိုးသမီးကြီးဟာ မင်းသမီးလေးထင်မှတ်သလို အိပ်ပျော်နေတာ မဟုတ်ဘူး။ အိပ်ချင်ယောင်ဆောင်နေတာ ဖြစ်တယ်။ သူဟာ မျက်လုံးတစ်ဖက် ဖွင့်ပြီးကြည့်နေလို့ အရာရာအားလုံးကို သိရှိသွားတယ်။

အဲဒီနောက် အမျိုးသမီးကြီးဟာ နန်းတော်သို့ပြန်ရောက်တဲ့အခါ မိဖုရားကြီးကို သူတွေ့ရှိသမျှ အဖြစ်အပျက်တွေ ပြန်လည်လျှောက်တင်လေတယ်။

မိဖုရားကြီးဟာ မင်းသမီးကလေးအသက်ကို ကယ်တင်သူဟာ မီးခိုးရောင်သိုးကြီးမှန်း သိရှိသွားတော့ အလွန်ပဲဒေါသဖြစ်ကာ...

"ဒီမီးခိုးရောင်သိုးကြီးကို အခုချက်ချင်း သတ်မယ်" လို့ ကြိမ်းဝါးလိုက်လေတယ်။ အဲဒီနေ့မှာပဲ မိဖုရားကြီးဟာ သားသတ်သမားကို သိုးကြီးရှိတဲ့နေရာသို့ ချက်ချင်းစေလွှတ်ကာ မီးခိုးရောင်သိုးကြီးကို သတ်စေတယ်။

mgyoe.com

mgyoe.com




မင်းသမီးကလေးလည်း သူ့မိတ်ဆွေသိုးကြီး သေဆုံးသွားတာတွေ့တော့ ချုံးပွဲချငိုကြွေးလေတယ်။

သူ့မိတ်ဆွေ မီးခိုးရောင်သိုးကြီး မရှိတော့ပေမယ့် မင်းသမီးကလေးစားဖို့ အစားအစာတွေကို တခြားသိုးတစ်ကောင်က ယူဆောင်လာပေးတာကြောင့် သမီးကလေးဟာ အစားအစာတော်မွတ်မှာကို မပူရတော့ဘူး။ ဒီလိုနဲ့ မင်းသမီးကလေးလည်း ကိုယ်လုံးကိုယ်ထည်ဖွံ့ထွားလာပြီး ပိုမိုချောမောလှပတဲ့ မိန်းမပျိုကလေး ဖြစ်လာလေတော့တယ်။

တစ်နေ့မှာ မင်းသမီးကလေး ယာခင်းထဲမှာရှိနေတုန်း မင်းသားလေးတစ်ပါးဟာ သူ့နောက်တော်ပါးတွေနဲ့ အမဲလိုက်ရင်း မင်းသမီးရဲ့ယာခင်းထဲရောက်ရှိလာတယ်။ မင်းသားလေးဟာ မင်းသမီးကလေးကို တွေ့မြင်တော့ မြင်းဇက်ကြိုးသပ်ကာ ရပ်တန့်ပြီးမင်းသမီးလေးကို ငေးမောကြည့်ရှုကာ...

mgyoe.com

mgyoe.com


"သိပ်ချော သိပ်လှတဲ့ သိုးကျောင်းသူလေးပါလား။ ဘယ်သူလဲဆိုတာ သွားစုံစမ်းချေ" လို့ သူ့နောက်တော်ပါးတွေကို စုံစမ်းစေတယ်။

အဲဒီနောက် မင်းသားလေးရဲ့နောက်တော်ပါးတွေက မင်းသမီးကလေးရဲ့ ဘဝဇာတ်ကြောင်းကို စုံစမ်းပြီး မင်းသားလေးကို ပြန်လည်လျှောက်တင်ကြလေတယ်။

မင်းသားလေးလည်း မင်းသမီးကလေးရဲ့သနားဖွယ် ဘဝအဖြစ်အပျက်မှန်ကို ကြားသိသွားတဲ့အခါ အတော်ကလေးစိတ်မကောင်းဖြစ်သွားတယ်။

ဒီလိုနဲ့ မင်းသားလေးဟာ မင်းသမီးကလေးရှိရာယာခင်းဆီသို့ နေ့တိုင်းလာရောက်ပြီး မင်းသမီးကလေးနဲ့ စကားစမြည်ပြောဆိုတယ်။ တစ်နေ့မှာ မင်းသားလေးဟာ မင်းသမီးကလေးအတွက် အလွန်လှပတဲ့ ရွှေဖိနပ်ကလေးတစ်ရံကို လက်ဆောင်အဖြစ်ပေးတယ်။

အဲဒီအချိန်မှာ ကောက်ကျစ်စဉ်းလဲတဲ့ မိဖုရားကြီးရဲ့လူယုံတော် အမျိုးသမီးကြီးလည်း ယာခင်းထဲရောက်ရှိနေတယ်။ အမျိုးသမီးကြီးဟာ မင်းသားလေးက မင်းသမီးကလေးကို ရွှေဖိနပ်ပေးနေတာ တွေ့မြင်သွားတယ်။ အမျိုးသမီးကြီးလည်း နန်းတော်သို့ အမြန်ပြန်ကာ ဖြစ်ပျက်ပုံအလုံးစုံကို သူ့သခင်မိဖုရားကြီးထံ လျှောက်တင်လိုက်လေတယ်။

မိဖုရားကြီးသည် မင်းသားလေးကို အတော်ဒေါသဖြစ်သွားတယ်။

"ကျုရိုးအကျိုးဝတ် မိန်းကလေး နန်းတော်သို့ ပြန်ခေါ်မှဖြစ်တော့မယ်။ စားဖိုချောင်မှာ မီးဖိုချောင်အလုပ်တွေပဲ ခိုင်းတော့မယ်။ ဒါဆို ဒီမင်းသား သူ့ကိုတွေ့နိုင်မှာမဟုတ်ဘူး" လို့ဆိုကာ မိဖုရားကြီးက မင်းသမီးကလေးကို နန်းတော်သို့ပြန်ခေါ်လိုက်လေတယ်။

ဒီလိုနဲ့ မင်းသမီးကလေးဟာ နန်းတော်သို့ ပြန်လည်ရောက်ရှိလာ

mgyoe.com

mgyoe.com





ကာ စားဖိုချောင်ထဲမှာ မီးဖိုချောင်အလုပ်တွေကို လုပ်ရလေတော့တယ်။ မင်းသမီးကလေးဟာ ပင်ပန်းကြီးစွာနဲ့ ညစ်ပတ်ပေရေနေတဲ့ အလုပ်ကြမ်းတွေကို မီးဖိုချောင်ထဲမှာ တစ်နေကုန် လုပ်ကိုင်ရလေတယ်။ မင်းသမီးလေးဟာ မင်းသားလေးနဲ့လည်း မတွေ့ရတော့ အဖော်မဲ့ကာ ဝမ်းနည်းနေရှာတယ်။

"ဘုရားရှိခိုးကျောင်းသွားရင်တော့ မင်းသားလေးကို တွေ့နိုင်မယ် ထင်တယ်" လို့ မင်းသမီးလေးက တွေးထင်မိတယ်။ ဒါပေမဲ့ စိတ်ကောင်းမရှိတဲ့ မိဖုရားကြီးက မင်းသမီးကလေးကို ဘုရားရှိခိုးကျောင်းသို့ သွားရောက်ခွင့်မပြုဘူး။

mgyoe.com

mgyoe.com


"ညည်း မီးဖိုချောင်ထဲမှာပဲနေပြီး ညစာချက်ရမယ်။ ငါ နန်းတော်သို့ပြန်လာရင် ညစာတွေအဆင်သင့် ဖြစ်နေပါစေ" လို့ မိဖုရားကြီးက မှာကြားတယ်။

မင်းသမီးကလေးလည်း မီးဖိုချောင်ထဲမှာ ညစာချက်ပြုတ်လုပ်ကိုင်နေရပေမယ့် သူ့စိတ်က မင်းသားလေးဆီ ရောက်ရှိနေတယ်။ မင်းသမီးကလေးဟာ မင်းသားလေးကို သိပ်တွေ့ချင်နေတယ်။ နောက်ဆုံးမှာ



mgyoe.com

mgyoe.com


မင်းသမီးလေးလည်း မင်းသားလေးကိုတွေ့နိုင်မယ့် အကြံတစ်ခု ရရှိသွားလေတယ်။

မင်းသမီးကလေးဟာ ညစာအတွက် အစားအစာတွေကို မီးဖိုပေါ်တင်ဖို့ စီမံပြီးတာနဲ့ အိုးတွေကို မီးဖိုပေါ်တင်လိုက်ပြီး ဝတ်ကောင်းစားလှတွေကို ဝတ်၊ မင်းသားလေးလက်ဆောင်ပေးတဲ့ ရွှေဖိနပ်ကို ဝတ်ဆင်ကာ မီးဖိုကြီးအား

*"မီးသွေးတစ်ခဲ မီးစွဲစေ*
*အသားကင်တံ တစ်ပတ်လည် မလေ။*
*ဘုရားကျောင်းကို သွားမယ်မနှေး*
*ချက်ပြုတ်ညစာဆောင်ရွက်ပေး"*

လို့ မှာကြားပြောဆိုကာ မင်းသမီးကလေးဟာ ဘုရားကျောင်းသို့ အမြန်သုတ်ခြေတင်ခဲ့လေတယ်။

မင်းသမီးလေးဟာ ဘုရားရှိခိုးကျောင်းသို့ရောက်တဲ့အခါ မင်းသားလေးက သူ့ကိုမြင်နိုင်တဲ့နေရာမှာထိုင်တယ်။ မင်းသမီးလေးဟာ ဓမ္မသီချင်းသီဆိုမှု မပြီးခင်မှာ နန်းတော်သို့အမြန်ပြန်လာခဲ့တယ်။

မိဖုရားကြီး နန်းတော်ဆောင်သို့ ပြန်လည်ရောက်ရှိလာတဲ့အခါ မင်းသမီးလေးဟာ စားဖိုချောင်မှာ ရှိနေပြီး ညစာဟာလည်း အဆင်သင့်ချက်ပြုတ်ပြီးစီးနေခြင်း ဖြစ်တယ်။

မင်းသားလေးကလွဲပြီး ဘယ်သူကမျှ မင်းသမီးကလေးဘုရားရှိခိုးကျောင်းသွားခဲ့တာကို မသိကြဘူးတဲ့။ ဘုရားကျောင်းမှာ မင်းသားလေးဟာ မင်းသမီးကလေးကို တွေ့မြင်လိုက်တယ်ဆိုရင်ပဲ သူဟာ မင်းသမီးကလေးကို ယခင်ကထက် ပိုချစ်မိသွားတယ်။

ဒီလိုနဲ့ မင်းသမီးကလေးဟာ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းသို့ သွားရောက်ခဲ့တယ်။ မင်းသမီးကလေးဟာ အခြားသူတွေ

mgyoe.com

mgyoe.com


မပြန်ခင် ဘုရားရှိခိုးကျောင်းက အမြန်လာခဲ့ပြီး မိဖုရားကြီးနန်းတော်သို့ပြန်ရောက်လာတာနဲ့ သူလည်း မီးဖိုချောင်သို့စောရောက်နေခဲ့ပြီး ညစာအဆင်သင့် ဖြစ်စေခဲ့တယ်။

ဘုရားရှိခိုးကျောင်းမှာ မင်းသားလေးက မင်းသမီးကလေးကို စကားပြောချင်ပေမယ့် မင်းသမီးကလေးက ဝတ်ပြုဆုတောင်းနေချိန်မပြီးဆုံးခင် အမြန်ဆုံး ထွက်ခွာသွားတာမို့ မင်းသမီးကလေးကို ရှာလို့မတွေ့တဲ့အတွက် စကားမပြောလိုက်ရဘူးဖြစ်နေတယ်။

နောက်ဆုံးမှာ မင်းသားလေးဟာ မင်းသမီးလေးပြန်မယ့် အချိန်ကိုကြည့်ပြီး မင်းသမီးကလေးနောက်သို့ သူလည်းလိုက်ဖို့ ဆုံးဖြတ်လိုက်လေတယ်။

ဒီလိုနဲ့နောက်တစ်ပတ် တနင်္ဂနွေသို့ရောက်လာခဲ့တယ်။ မင်းသမီးကလေး ထွက်ခွာတာနဲ့ လိုက်လို့ရအောင် မင်းသားလေးဟာ ဘုရားရှိခိုးကျောင်းအပေါက်ဝ တံခါးနားမှာထိုင်နေတယ်။

မကြာခင် ဘုရားရှိခိုးကျောင်းထဲက မင်းသမီးကလေးထွက်လာတာကို မြင်လိုက်ရပြီး မင်းသားလေးလည်း မင်းသမီးကိုမိအောင်နောက်ကလိုက်သွားခဲ့လေတယ်။

မင်းသမီးကလေးဟာ မင်းသားလေးလက်ဆောင်ပေးခဲ့တဲ့ ရွှေဖိနပ်ကလေးကို ဝတ်ဆင်ထားတယ်။ မင်းသမီးကလေးဟာ နန်းတော်ကိုရောက်အောင် အမြန်သုတ်ခြေတင်ခဲ့ရတာမို့ ရွှေဖိနပ်တစ်ဖက်ဟာ ရွံ့ထဲမှာ ကျွတ်ကျန်ရစ်ခဲ့လေတယ်။ မင်းသမီးကလေးဟာ နန်းတော်သို့နောက်ကျရောက်မှာ အလွန်စိုးရိမ်နေတဲ့အတွက် ကျွတ်ကျကျန်ခဲ့တဲ့သူ့ဖိနပ်တစ်ဖက်ကိုတောင် မကောက်ခဲ့တော့ဘူးတဲ့။

အဲဒီအခါ မင်းသမီးကလေးနောက်သို့ ထက်ကြပ်မကွာ လိုက်ပါခဲ့တဲ့ မင်းသားလေးက မင်းသမီးကလေးကျွတ်ကျကျန်ခဲ့တဲ့ ရွှေဖိနပ်

mgyoe.com

mgyoe.com




ကလေးတစ်ဖက်ကို တွေ့ရှိသွားလေတယ်။ မင်းသားလေးလည်း မင်းသမီးကလေးရဲ့ ဖိနပ်တစ်ဖက်ကို ကောက်ယူလိုက်လေတယ်။ အဲဒီအချိန်မှာ မင်းသမီးကလေးက အတော်ဝေးဝေးသို့ရောက်ရှိသွားတာမို့ မင်းသားလေးဟာ ဘယ်လိုပဲပြေးလိုက်ပေမယ့် မင်းသမီးကလေးကို မမီတော့ဘူး ဖြစ်သွားတယ်။ မင်းသမီးကလေးကို မတွေ့ရတာကြောင့် မင်းသားလေးလည်း အတော်စိတ်မကောင်းဖြစ်သွားတယ်။

မင်းသားလေးဟာ မင်းသမီးကလေးကိုတွေ့ဖို့ နောက်တစ်ပတ်တနင်္ဂနွေရက်ကို မစောင့်နိုင်တော့ဘဲ မင်းသမီးကိုတွေ့ရဖို့ အကြံထုတ်လေတယ်။ နောက်ဆုံးသူဟာ မင်းသမီးကိုတွေ့ရဖို့ အကြံတစ်ခု ရရှိသွားလေတယ်။

မင်းသားလေးဟာ သူ့တိုင်းပြည်အရပ်လေးမျက်နှာသို့ စေတမန်များစေလွှတ်ကာ သူရရှိတဲ့ ရွှေဖိနပ်တစ်ဖက်နဲ့တော်မယ့် မိန်းကလေးကို သူ့ကြင်ရာတော်အဖြစ် ရွေးချယ်မယ်ဆိုတဲ့အကြောင်း ကြေညာမောင်းခတ်လေတယ်။ စေတမန်တွေလည်း တိုင်းပြည်အနှံ့လှည့်လည်ကာ

mgyoe.com

mgyoe.com




ရွှေဖိနပ်တစ်ဖက်နဲ့ အံဝင်ခွင်ကျမယ့် ခြေထောက်ပိုင်ရှင် ကြင်ရာတော်လောင်းကို ရှာလေတယ်။ တိုင်းပြည်အနှံ့အပြားမှာ ရှိကုန်ကြတဲ့ အမျိုးသမီးကြီးကြီးငယ်ငယ်၊ ရုပ်လှသူ၊ ရုပ်ဆိုးသူအားလုံးဟာ မင်းသားလေးရဲ့ ကြင်ရာတော်အဖြစ် အရွေးချယ်ခံရဖို့ ရွှေဖိနပ်တစ်ဖက်ကို စီးနင်းကြိုးစားကြည့်ကြတယ်။ ဒါပေမဲ့ ဘယ်မိန်းကလေးမှ ဖိနပ်နဲ့ တော်ကြတာမတွေ့ရဘူးတဲ့။

နောက်ဆုံးမှာ မင်းသားလေးရဲ့ စေတမန်တွေဟာ ကောက်ကျစ်ယုတ်မာ စိတ်ထားမကောင်းတဲ့ မိဖုရားကြီးရဲ့နန်းတော်သို့ ရောက်ရှိလာခဲ့တယ်။

မိဖုရားကြီးဟာ သူ့သမီးအရင်းကို မင်းသားလေးနဲ့လက်ဆက်ချင်နေတယ်။ ဒါကြောင့် မိဖုရားကြီးဟာ ရွှေဖိနပ်တစ်ဖက်ကို သူ့သမီးခြေထောက်မှာ ဝတ်ဆင်စေတယ်။ ဒါပေမဲ့ သူ့သမီးရဲ့ ခြေထောက်ဟာကြီးနေတာမို့ ဖိနပ်နဲ့ခြေထောက် မတော်ဘူးဖြစ်နေတယ်။ ဘယ်လိုပဲကြိုးစားကြိုးစား ဖိနပ်ထဲ ခြေထောက်စွပ်လို့မရဘူး ဖြစ်နေတယ်။ နောက်ဆုံးမှာ မိဖုရားကြီးဟာ သူ့လူယုံတော်အမျိုးသမီးကြီးကို ခေါ်လိုက်ကာ

mgyoe.com

mgyoe.com


သူ့သမီးရဲ့ခြေထောက်ကို ဖိနပ်ထဲမဝင်မချင်း အားနဲ့အတင်းဖိချ ထိုးသွင်းစေတဲ့အတွက် နောက်ဆုံးခြေထောက်ဟာ ဖိနပ်ထဲဝင်သွားတယ်။ မိဖုရားကြီးက မင်းသားလေးရဲ့စေတမန်တော်တွေကို မင်းသားလေးကို ဖိနပ်တော်တဲ့သူကို တွေ့ပြီဖြစ်ကြောင်း အကြောင်းကြားဖို့ပြောလိုက်တယ်။

မင်းသားလေးရောက်လာတဲ့အခါ မိဖုရားကြီးက

"အသင်မင်းသားရဲ့ဖိနပ်နဲ့တော်တဲ့ကျွန်ုပ်သမီးတော်ကို အသင်မင်းသားလက်ဆက်ပါ" လို့ပြောလေတယ်။

ပထမတော့ မင်းသားလေးဟာ သူနှစ်သက်မြတ်နိုးတဲ့ မင်းသမီးကလေးကို တွေ့ရပြီဆိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး မင်းသမီးကလေးဆီပြေးသွားပြီး ကြည့်လိုက်တဲ့ အခါမှာတော့ သူနှစ်သက်မြတ်နိုးတဲ့ မင်းသမီးကလေးမဟုတ်မှန်းသိရှိသွားပြီး အတော်စိတ်မချမ်းမသာဖြစ်သွားတယ်။ သူဟာ မိဖုရားကြီးရဲ့သမီးကို မကြိုက်နှစ်သက်ဘူး။ လက်မထပ်လိုဘူး။ ဒါပေမဲ့ သူ့ကတိစကားကို ပယ်ဖျက်လို့ မဖြစ်ဘူးဖြစ်နေတယ်။ သူ့ကတိစကားအတိုင်း တည်မှ ဖြစ်ပေမယ်။

လက်ထပ်ပွဲအတွက် အရာရာဟာ အဆင်သင့်ဖြစ်နေပြီ ဖြစ်တယ်။ မိဖုရားကြီးကတော့ သူ့သမီးတော်နဲ့မင်းသားလေး မကြာမီ လက်ဆက်ရမှာမို့ အတော်ကလေးပျော်ရွှင်နေတယ်။

အဲဒီအချိန်မှာ မင်းသမီးကလေးဟာ မိဖုရားကြီးနန်းတော်ရဲ့စားဖိုချောင်မှာ မီးဖိုချောင်အလုပ်တွေနဲ့မအားလပ်အောင် ဖြစ်နေတယ်။ မင်းသားလေးဟာ မင်းသမီးကလေးကို ရှာဖွေမတွေ့ရလို့ ဝမ်းနည်းကြေကွဲနေတယ်။

မကြာမီ မင်းသားလေးနဲ့မိဖုရားကြီးရဲ့သမီးတို့ လက်ထပ်ပွဲသဘင်ဆင်ယင်မယ့်ရက် ရောက်ရှိလို့ လာတယ်။ ခေါင်းလောင်းတွေ တီးခတ်နေ

mgyoe.com

mgyoe.com



နေကြပြီ။ မင်္ဂလာပွဲသဘင် အခမ်းအနားဟာ တောက်လက်ဝင်းပနေတယ်။

မင်းသားလေးရဲ့ ခမည်းတော်ဘုရင်ကြီးနဲ့မယ်တော်မိဖုရားကြီးတို့ဟာ မင်းခမ်းမင်းနားနဲ့မြင်းတော်ကိုစီးပြီး ဘုရားရှိခိုးကျောင်းသို့ ကြွမြန်းလာကြတယ်။ မင်းသားလေးက မိဖုရားကြီးရဲ့သမီးတော်သေးမှာ မြင်းစီးပြီးလိုက်ပါလာတယ်။

လမ်းခရီးသစ်ပင်တစ်ပင်အောက်သို့ ရောက်ရှိလာတဲ့အခါ ငှက်တစ်ကောင်ရဲ့. . .

*"ဘုရင်ကြီးသားတော်ရဲ့ စီးတော်မြင်းဘေးနား*
*အဖျားတုတ် ကြီးမား မလှပသော ခြေထောက်များ*

mgyoe.com

mgyoe.com


*နန်းတော်ရဲ့စားဖိုချောင် မီးဖိုနား*

*သေးသွယ်လှပခြေထောက်များ*"ဆိုတဲ့ သီချင်းသီကြွေးသံကို ကြားလိုက်ရတယ်။

မင်းသားလေးက တေးသီငှက်ကလေးကို. . .

"အသင်ငှက်ကလေး သင်ဘာကို သီကြွေးနေပါသလဲ။ သင်ဘာ ဆိုလိုတယ်ဆိုတာ ကျွန်ုပ်နားမလည်ပါ" လို့ မေးလိုက်လေတယ်။

မိဖုရားကြီးရဲ့သမီးက. . .

"အရှင့်သား။ ဘာမဟုတ်တဲ့ငှက်တစ်ကောင်ရဲ့အသံကို ဘာလို့ နားထောင်ရတာလဲ။ သူ့ဟာသူ သီကြွေးနေတာဖြစ်မှာပါ။ အလကား အချိန်ကုန်မခံပါနဲ့ အရှင့်သား" လို့ ပြောဆိုလေတယ်။

ဒါပေမဲ့ မင်းသားလေးက ငှက်ကလေးကို နောက်တစ်ကြိမ် သီ ကြွေးလို့ ပြောကြားပြန်လေတယ်။ ငှက်ကလေးလည်း. . .

"*ဘုရင်ကြီး သားတော်ရဲ့ စီးတော်မြင်းဘေးနား အဖျားတုတ်ကြီး မားမလှပသော ခြေထောက်များ နန်းတော်ရဲ့ စားဖိုချောင်မီးဖိုနား သေး သွယ်လှပခြေထောက်များ*"လို့ သီကြွေးပြန်တယ်။

မင်းသားလေးလည်း. . .

"နန်းတော်ရဲ့ မီးဖိုဘေးနားမှာ ဘယ်သူဘယ်ဝါ ရှိနေသလဲဆို တာ သွားကြည့်မယ်" လို့ဆိုကာ မင်းသားလေးလည်း သူ့မြင်းကို ပြန် လှည့်ကာ မိဖုရားကြီးရဲ့နန်းတော်ဆီသို့ ထွက်ခွာလာခဲ့တယ်။

မင်းသားလေးဟာ နန်းတော်ရဲ့စားဖိုချောင်ဆီသို့လာခဲ့ပြီး မီးဖို ဘေးကို ကြည့်လိုက်တဲ့အခါ မီးဖိုဘေးနားမှာထိုင်နေတဲ့ သူ့နှစ်သက် မြတ်နိုးလှတဲ့ မင်းသမီးကလေးကို တွေ့ရတော့တယ်။ မင်းသမီးကလေး ဟာ အလွန်ချောမောလှပတဲ့အတွက် မင်းသမီးဟာ သူ့မင်းသမီးကလေး မှန်း ချက်ချင်းမှတ်မိသွားတယ်။

mgyoe.com

mgyoe.com

မင်းသားလေးလည်း သူ့မှာပါလာတဲ့ ရွှေဖိနပ်ကလေးတစ်ဖက်ကို ထုတ်ပြီးမင်းသမီးကလေးခြေထောက်မှာ စွပ်ကြည့်လိုက်တဲ့အခါ အလွယ်တကူ ချောမောစွာနဲ့ဖိနပ်ကလေးဟာ ခြေထောက်နဲ့အံဝင်ခွင်ကျ ဖြစ်သွားတာကို တွေ့လိုက်ရတယ်။

မင်းသမီးကလေးလည်း သူ့မှာကျန်ရှိခဲ့သော ရွှေဖိနပ်တစ်ဖက်ကို အိတ်ထဲမှယူပြီး လွတ်နေတဲ့သူ့ခြေထောက်မှာ ဝတ်ဆင်လိုက်လေတယ်။ ရွှေဖိနပ်ကလေးနှစ်ဖက်ဟာ မင်းသမီးကလေးရဲ့ခြေထောက်မှာ ဆင်တူလှလှပပနဲ့ အံဝင်ခွင်ကျဖြစ်ပြီး မင်းသမီးချောလေးနဲ့ အလွန်လိုက်ဖက်ကြည့်လို့ကောင်းနေလေတော့တယ်။



mgyoe.com

mgyoe.com


အဲဒီနောက် မင်းသားလေးဟာ မင်းသမီးကလေးရဲ့လက်တော်ကို ဆွဲကာ နှစ်ဦးသား ဝမ်းမြောက်ရွှင်လန်းစွာနဲ့ ဘုရားရှိခိုးကျောင်းရှိရာသို့ ကြွမြန်းလာပြီး မင်းပရိသတ်စုံအလယ်မှာ တင့်တယ်ခံ့ညားကျက်သရေရှိစွာ လက်ထပ်လိုက်ကြလေတော့တယ်။ ။

[A Wreath of Golden Blossoms စာအုပ်မှ Rushy-Coat.]

mgyoe.com

mgyoe.com

## မိန်းမပျိုကလေး ရှိဒိုပစ်နှင့် ရွှေရောင်ဖိနပ်ကလေး

တစ်ခါက ရှေးဟောင်းအီဂျစ်နိုင်ငံမှာ 'ရှိဒိုပစ်' အမည်ရှိတဲ့ အလွန်ချောမောလှပတဲ့ မိန်းမပျိုကလေးတစ်ဦးရှိသတဲ့။ 'ရှိဒိုပစ်' ဆိုတဲ့ အမည်က ဂရိဘာသာစကားအရ 'နှင်းဆီရောင်ပါးပိုင်ရှင်' လို့ အဓိပ္ပာယ်ရပါတယ်။ ရှိဒိုပစ်ဟာ စိတ်ကောင်းစေတနာကောင်းရှိသူဖြစ်တယ်။

တစ်နေ့မှာ 'ရှိဒိုပစ်' ဟာ နိုင်းမြစ်သို့ ရေချိုးဖို့ရောက်လာတယ်။ သူဟာ မြစ်ကမ်းစပ်မှာ အဝတ်အစားတွေနဲ့ ရွှေရောင်ဖိနပ်ကို ချွတ်ထားခဲ့ပြီး အေးမြတဲ့ရေထဲမှာ ရေချိုးနေသတဲ့။ အဲဒီအချိန်မှာ သူဟာ ရုတ်တရက် အံ့အားသင့်သွားစေတဲ့ မြင်ကွင်းတစ်ခုကို တွေ့လိုက်ရတယ်။ အဲဒါကတော့ ကြီးမားတဲ့တောင်ပံကြီးနဲ့ လင်းယုန်ငှက်ကြီး တစ်ကောင်ဟာ မြစ်ကမ်းစပ်သို့ တစ်ဟုန်ထိုး ဆင်းသက်လာပြီး ရွှေရောင်ဖိနပ်တစ်ဖက်ကို သုတ်ချီကာ အဝေးသို့ပျံသန်းသွားတာကို မြင်တွေ့လိုက်တယ်တဲ့။ 'ရှိဒိုပစ်' လည်း ဘာမျှမတတ်နိုင်ဘဲ ငေးမှိုင်လို့သာ ကြည့်နေရတော့တယ်။

အဲဒီလို 'ရှိဒိုပစ်' မြစ်ဆိပ်ကမ်းမှာ ရေချိုးနေတဲ့အချိန်မှာ အီဂျစ်ဘုရင်ကြီးရဲ့နန်းတော်မှာ ဘုရင့်ရှေ့မှောက်သို့ သံကြိုးတွေနဲ့ချည်နှောင်

mgyoe.com

mgyoe.com




mgyoe.com

ထားတဲ့ လူတစ်ယောက် ရောက်ရှိလို့နေတယ်။ သူ့ရဲ့ပြစ်မှုက အခွန် ပေးဆောင်မှု ပျက်ကွက်လို့တဲ့။ အဲဒီလူက ဘုရင်ကြီးကို...

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးကို သနားကရုဏာထားတော်မူပါ။ ဒီနှစ်မှာ စိုက်ပျိုးသီးနှံတွေ မအောင်မြင်တဲ့ကြားက ကျန်ရှိနေတဲ့ သီးနှံတွေကိုလည်း ကြွက်တွေနဲ့ပိုးမွှားတွေက ဖျက်ဆီးကုန်ကြပါတယ်။ ဒါကြောင့် အခွန်ကောက်ခံသူတွေလာတဲ့အခါ အခွန်မပေးဆောင်စရာ မရှိခဲ့ပါဘူး။ ဒါကိုအခွန်ကောက်ခံသူတွေက အခွန်ပေးဆောင်ရကောင်းလားဆိုပြီး ကျွန်တော်မျိုးကို ရိုက်နှက်ပြီး ကျွန်တော်မျိုးနဲ့ဇနီးကို သံကြိုးတွေနဲ့ချည်နှောင်ပြီး ခေါ်ဆောင်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်မျိုးရဲ့ကလေးတွေ စားစရာမရှိဘဲ အိမ်မှာကျန်နေခဲ့ကြပါတယ်။

စိတ်ကောင်း၊ နှလုံးကောင်းရှိတဲ့ ဘုရင်ကြီးဟာ သူ့ရှေ့မှောက်မှာ တင်လျှောက်နေတဲ့ သူ့ရဲ့စကားကိုကြားရတဲ့အခါ သူ့အခွန်ဝန်ထမ်းတွေအပေါ် အလွန်စိတ်ဆိုး၊ ဒေါသဖြစ်သွားတယ်။ ဒီလောက် မတရားပြုမူချက်အပေါ် သည်းမခံနိုင်အောင်ဖြစ်သွားတယ်။ ဒါကြောင့် သူ့အခွန်ထမ်းသူတွေကို...

"မင်းတို့ထွက်သွားကြ။ ငါ့ဆီမှာ အမှုထမ်းဖို့မလိုတော့ဘူး။ ငါဟာ တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ဘုရင်ဖြစ်လို့ ငါ့တိုင်းသူပြည်သားတွေအပေါ် ချစ်ခင်ကြင်နာရမယ့်တာဝန်ဟာ ငါ့တာဝန်ဖြစ်တယ်။ ပြည်သူတွေကို ထိခိုက်နစ်နာအန္တရာယ်ရှိမယ့် အပြုအမူမှန်သမျှ မပြုလုပ်ရဘူး" လို့ မိန့်ဆိုလိုက်လေတယ်။ အဲဒီနောက် စိတ်ကောင်းစေတနာကောင်းရှိတဲ့ ဘုရင်ကြီးဟာ ဆင်းရဲသားယာသမားကို လက်ဆောင်ပစ္စည်းများပေးကာ ဇနီးသားများနှင့်အတူ အိမ်သို့ပြန်လည်ပို့ဆောင်ပေးလေတယ်။

ယာသမားထွက်ခွာသွားတဲ့အခါ ဘုရင်ကြီးဟာ သူ့ဘဝသူတွေးပြီး စိတ်မချမ်းမသာ ဖြစ်နေလေတယ်။ ယာသမားဟာ ဆင်းရဲပေမယ့်

mgyoe.com

mgyoe.com


သူ့ကိုချစ်ခင်ကြင်နာမယ့် ဇနီးနဲ့သားသမီးတို့ရှိကြပြီး သူ့မှာတော့ အမှန်တကယ်ချစ်ခင်ကြင်နာမယ့်သူ အခုတိုင် ရှာဖွေမတွေ့နိုင် သေးပါလားလို့ စဉ်းစားမိပြီး စိတ်မကောင်းဖြစ်နေမိတယ်။

အဲဒီလိုအချိန်မှာ လင်းယုန်ငှက်တစ်ကောင်ဟာ ပျံသန်းလာပြီး ဘုရင်ကြီးရဲ့ ရင်ခွင်ထဲသို့ ရွှေရောင်ဖိနပ်ကလေးတစ်ဖက်ကို ပစ်ချခဲ့ကာ အဝေးသို့ ဆက်လက်ပျံသန်းသွားလေတယ်။

ဘုရင်ကြီးဟာ ရွှေရောင်ဖိနပ်ကလေးကို ကိုင်ကြည့်ကာ ...

"ဒီလိုသေးငယ်လှပတဲ့ ရွှေရောင်ဖိနပ်ကလေးကို ဘယ်သူများ ဝတ်ဆင်ပါလိမ့်။ ဒီရွှေရောင်ဖိနပ်ကလေးပိုင်ရှင်ဟာ ချောမောလှပ ကျက်သရေရှိတဲ့ မိန်းမပျိုကလေးဖြစ်ရမယ်" လို့ဆိုကာ ဘုရင်ကြီးဟာ သူ့ရဲ့အမှုတော်ထမ်းတွေကို တိုင်းပြည်အနှံ့စေလွှတ်ကာ ရွှေရောင်ဖိနပ် တစ်ဖက်ကို ဝတ်ဆင်တော်မယ်မိန်းမပျိုကို ရှာဖွေစေတယ်။ တကယ်လို့ ရွှေဖိနပ်ဝတ်ဆင်လို့ တော်မယ်ဆိုရင် အဲဒီမိန်းမပျိုဟာ မိဖုရားအဖြစ် တင်မြှောက်ခံရမှာ ဖြစ်တယ်။

တိုင်းပြည်အနှံ့အပြားက မိန်းမပျိုတွေဟာ မိဖုရားဖြစ်ဖို့ ရွှေဖိနပ် ကို လာရောက်ကြိုးစားစီးနင်းကြတယ်။ ချမ်းသာတဲ့ မိန်းမပျို၊ ဆင်းရဲ တဲ့ မိန်းမပျို၊ ချောမောတဲ့ မိန်းမပျို၊ အရုပ်ဆိုးတဲ့ မိန်းမပျို စသည်တို့ ဟာ ရွှေရောင်ဖိနပ်ကလေးထဲ သူတို့ခြေထောက်တွေ သွတ်ထိုးကြကာ ကံစမ်းကြပေမယ့် တစ်ဦးတစ်ယောက်မှ သူတို့ခြေထောက်နဲ့ဖိနပ် အ ဆင့်ပြေကြတာ မရှိကြဘူးတဲ့။ ဘုရင်ကြီးဟာ အတော်ပဲ စိတ်ပျက်သွား မိတယ်။ သူ့ရင်ကို ခုန်စေမယ့်၊ သူ့ကိုချစ်ခင်ကြင်နာနိုင်မယ့် မိဖုရား ဘယ်အချိန်အခါမှ ရရှိနိုင်ပါ့မလဲ ဆိုပြီး ဝမ်းနည်းနေသတဲ့။

ဒါပေမဲ့ တစ်နေ့မှာတော့ အခွန်မထမ်းဆောင်လို့ ဖမ်းဆီးချုပ် နှောင်ခံရပြီး ဘုရင်ကြီးဆီရောက်လာကာ အပြစ်လွှတ်ပေးခဲ့တဲ့ ယာသ

mgyoe.com

mgyoe.com




မားကြီးဟာ ဘုရင်ကြီးထံသို့ရောက်လာလေတယ်။ ယာသမားကြီးက ဘုရင်ကြီးကို...

"အရှင်မင်းကြီး၊ အရှင်မင်းကြီး အလိုရှိတဲ့ ချောမောလှပပြီး စိတ်

mgyoe.com

mgyoe.com


ကောင်းစေတနာကောင်းရှိတဲ့ မိန်းမပျိုမျိုးဆိုရင်တော့ သဲကန္တာရအတွင်း ပိရမစ်တွေဘေးနားမှာရှိတဲ့ မနုသီဟကြီးဆီသို့ သွားရပါလိမ့်မယ်။

ဘုရင်ကြီးဟာ သူကလည်းချစ်နိုင်ပြီး သူကိုလည်း မေတ္တာစစ်နဲ့ ချစ်နိုင်မယ့်သူကို ရဖို့ဆိုရင် ဘယ်နေရာပဲသွားရသွားရ၊ ဘာပဲလုပ်ရ လုပ်ရ လုပ်မယ့်သူဖြစ်လို့ မနုသီဟကြီးဆီသွားဖို့ ချက်ချင်းဆုံးဖြတ် ချက်ချလိုက်တယ်။ ဘုရင်ကြီးဟာ အမှုတော်ထမ်းတွေနဲ့အတူ မနုသီဟ ကြီးဆီ ခရီးထွက်ခွာလာခဲ့ရာ မကြာမီ ဘုရင်ကြီးဟာ မနုသီဟကြီးဆီသို့ ရောက်ရှိလာခဲ့တယ်။

မနုသီဟကြီးဆီရောက်တဲ့အခါ ဘုရင်ကြီးဟာ အလွန်သာယာ နာပျော်ဖွယ်ကောင်းတဲ့ တေးသီချင်းသံကို ကြားရတယ်။ သီချင်းသံ ဟာ တဖြည်းဖြည်း အရှိန်တက်လာတယ်။ ဘုရင်ကြီးဟာ တေးသီချင်း သံလာရာသို့ ချဉ်းကပ်သွားပြီး ကြည့်လိုက်တဲ့အခါမှာတော့ နံနက်ခင်း လေပြည်လေညင်းလေးလို ချစ်စရာအလွန်ကောင်းတဲ့ မိန်းမချောလေး တစ်ဦးကို တွေ့မြင်လိုက်ရတယ်။ သူကတော့ 'ရိုဒိုပစ်' ကလေးပဲဖြစ်ပါ တယ်။ ဘုရင်ကြီးဟာ 'ရိုဒိုပစ်' ကို မြင်မြင်ချင်း ချစ်ခင်နှစ်သက်မိသွား ပြီ ဖြစ်တယ်။

ဘုရင်ကြီးလည်း ဝမ်းသာအားရစွာနဲ့ 'ရိုဒိုပစ်' မိန်းမပျိုကလေး အား...

"နှမတော် စိတ်မရှိဘူးဆိုရင် ဒီဖိနပ်ကလေးတစ်ဖက်ကို နှမတော် ရဲ့ခြေထောက်မှာ စွပ်ကြည့်ပါလား" လို့ပြောဆိုလေတယ်။

ပထမတော့ 'ရိုဒိုပစ်' ဟာ အနည်းငယ်ရှက်သွားတာကြောင့် ထွက်ပြေးမလို့ လုပ်တယ်။ ဘုရင်ကြီးကို မရွံ့မရဲဖြစ်နေမိတယ်။ နောက် တော့ ဘုရင်ကြီးရှေ့ လှည့်လာပြီး ဘုရင်ကြီးပေးတဲ့ ဖိနပ်ကိုစီးနင်း ကြည့်တယ်။ အဲဒီအခါ ဖိနပ်နဲ့သူ့ခြေထောက်ဟာ အံဝင်ခွင်ကျတော်နေ

mgyoe.com

mgyoe.com


တာကို တွေ့ရတယ်။ ဘုရင်ကြီးက

"ခုမှပဲ ငါကိုယ်တော်မြတ်လိုချင်တဲ့ သင့်လို မြတ်နိုးချစ်ခင်ဖွယ် မိန်းမတစ်ယောက်ကိုရရှိပြီ" လို့ 'ရိုဒိုပစ်' ကို ဝမ်းသာအားရ ပြောလိုက်ပြီး'ငါကိုယ်တော်မြတ်ကို လက်ထပ်နိုင်မလား' လို့ မေးလိုက်လေတယ်။

'ရိုဒိုပစ်' မိန်းမပျိုကလေးလည်း တရားမျှတမှု၊ အမှန်တရားကို မြတ်နိုးမှု၊ သတ္တိရှိမှုတို့ ပြည့်စုံနေတဲ့ ဘုရင်ကြီးရဲ့ချစ်မေတ္တာတရားတွေက သူ့နှလုံးသားကို ဖမ်းဆုပ်ထားပြီးဖြစ်တယ်ဆိုတာ သူ့ကိုယ်သူ သတိထားမိသွားတယ်။ ဒါကြောင့် သူဟာ သူ့ဆီမှာ ကျန်ရှိနေတဲ့ရွှေရောင်ဖိနပ်တစ်ဖက်ကို ထုတ်ယူလိုက်ကာ သူ့ခြေထောက်မှာဝတ်ဆင်လိုက်လေတယ်။ အဲဒီနောက် ဘုရင်ကြီးကို...

"အရှင်မင်းကြီးရဲ့ နှလုံးသားမှာ မေတ္တာတရားတွေနဲ့ ပြည့်ဝနေသူမို့ ကျွန်တော်မျိုးမကို အရှင်မင်းကြီး ပိုင်ဆိုင်တော်မူပါပြီ" လို့ပြောဆိုလိုက်လေတယ်။

ဘုရင်ကြီးဟာ 'ရိုဒိုပစ်' ရဲ့စကားကို ကြားရတဲ့အခါ အလွန်ပဲ ပျော်ရွှင်သွားမိတယ်။ အခု သူ့မှာ သူ့ကိုချစ်ကြင်နာမယ့် မိဖုရားကို ရရှိပြီးဖြစ်တယ်။ ဘုရင်ကြီးလည်း အလွန်နှစ်သက်ကြင်နာစွာနဲ့ သူ့မိဖုရားလောင်း 'ရိုဒိုပစ်' ကို ပွေ့ဖက်လိုက်လေတော့တယ်။ ။

[Mary Joseph ၏ Love စာအုပ်မှ ရေးဟောင်းအီဂျစ်ပုံပြင် ဖြစ်သည့် Rhodopis and Her Gilded Sandals.]

mgyoe.com

mgyoe.com

## လရောင်မင်းသမီးကလေး

တစ်ခါက ဂျပန်နိုင်ငံရှိ ရွာလေးတစ်ရွာတွင် ဆင်းရဲသောအဘိုးအို နှင့်အဘွားအိုတို့နှစ်ဦး ရှိလေသည်။ သူတို့တွင် ကလေးတစ်ယောက်မှ မရှိချေ။ သူတို့သည် ဝါးခြင်း၊ ဝါးတောင်းများ ရက်လုပ်ရောင်းချခြင်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

တစ်နေ့တွင် အဘိုးအိုသည် တောထဲတွင် ဝါးခုတ်လျက်ရှိစဉ် ဝါးပင်တစ်ပင်ဆီမှ တောက်ပနေသော အလင်းရောင်တစ်ခုကို တွေ့မြင်ရလေသည်။ အဘိုးအိုသည် တောက်ပနေသော အရာအား မည်သို့နည်းဟု သိချင်လှ၍ အလင်းရောင်ထွက်နေသောဝါးပင်ဆီသို့သွားရောက်လေသည်။ ထိုဝါးပင်ဆီသို့ ရောက်သော် ဝါးပင်ထဲမှထွက်ရှိနေသော အလင်းရောင်မှာ လရောင်နှင့်တူသည်။ အေးမြသောအရောင်ဖြစ်နေသည်ကို တွေ့ရှိရလေသည်။

အဘိုးအိုသည် ပုဆိန်ဖြင့် ဝါးပင်ကိုခုတ်လှဲလိုက်ရာ ဝါးပင်ထဲမှ မိန်းကလေးတစ်ဦး ထွက်လာသည်ကို အံ့သြဖွယ် တွေ့ရလေသည်။ ကလေးလေးမှာ အလွန်ချောပြီး အရပ်မှာ ၅ စင်တီမီတာသာ ရှိလေသည်။

အဘိုးအိုလည်း ဝမ်းသာအားရဖြင့် ကလေးလေးအားပွေ့ယူကာ

mgyoe.com